ပအိုဝ်းလူငယ်အစည်းအရုံး (Pa-O Youth Organization)
No. (2/53), Sabal Street, Phayar Phyu Qrt, Taunggyi, Shan State, Myanmar
pyorg.net@gmail.com, www.paoyouth.org, 09 775 512 343, 09 407 605 663

# ပအိုဝ်းလူငယ်အစည်းအရုံး (ပ-လ-စ) Pa-O Youth Organization (PYO)

# ၏

# (COVID 19) ကမ္ဘာ့ကပ်ရောဂါအပေါ် ထုတ်ပြန်ချက်

*၂၀၂၀ ခုနှစ် မတ်လ ၂၇ ရက်*

(COVID 19) ကမ္ဘာ့ကပ်ရောဂါနှင့် စပ်လျဉ်း၍ အရေးကြီးသည့် လူသားအားလုံး၏ ကျန်းမာရေးအခြေအနေ ဖြစ်သောကြောင့် (COVID 19) ကမ္ဘာ့ကပ်ရောဂါမှ ကင်းဝေးစေလိုသည့် ရည်ရွယ်ချက်ဖြင့် အများသူငှာ သိရှိစေရန် ဤထုတ်ပြန်ချက်အား ထုတ်ပြန်အပ်သည်။

(၁) ပအိုဝ်းလူငယ်အစည်းအရုံးမှ အစည်းအဝေးကြီးများ၊ လူစုလူဝေး လှုပ်ရှားမှုများ အား ၂၀၂၀ ခုနှစ် မတ်လ၂၅ ရက် မှ ဧပြီ လကုန်အထိ နှင့် ရောဂါ အခြေအနေ တည်ငြိမ်သည်အထိ ရက်ရွှေ့ဆိုင်းသွားမည်။

(၂) ပအိုဝ်းလူငယ်အစည်းအရုံး၏ လုပ်ဖော်ကိုင်ဖက်များအနေဖြင့် ဧပြီ လကုန်အထိ နှင့် ရောဂါ အခြေအနေ တည်ငြိမ်သည်အထိ မိမိတို့၏ နေအိမ်မှ နေ၍ လုပ်ငန်းများ လုပ်ဆောင်သွားမည်ဖြစ်ပြီး၊ ရောဂါတည်ငြိမ်စိတ်ချရမည့် အခြေအနေ ရောက်ရှိမှသာလျှင် ပုံမှန် လုပ်ငန်းများ ဆက်လက်လုပ်ဆောင်သွားမည်။

(၃) ပအိုဝ်းလူငယ်အစည်းအရုံး၏ လုပ်ဖော်ကိုင်ဖက်များသည် ပြည်ပခရီးစဉ်များ နှင့် ပြည်တွင်းနယ်ဝေးခရီးစဉ်များ သွားလာခြင်းကို ပိတ်ပင်ပြီး၊ မိမိအနေဖြင့် ဒေသတွင်း ခရီးစဉ်များ သွားရန် လိုအပ်ပါက ဘတ်စ်ကား နှင့် လူအများအသုံးပြုသည့် ကားများ အသုံးမပြုရန်၊ အခြားသော လူထူထပ်သည့်နေရာတွင် တည်းခိုခြင်းမပြုရန်၊ လူစုလူဝေးဖြစ်သည့်နေရာများအား ရှောင်ရှားခြင်း နှင့် ဒေသအတွင်းမဖြစ်မနေသွားရန် လိုအပ်ပါက ကိုယ်ပိုင်ယာဉ်ဖြစ်စေ၊ ဆိုင်ကယ်ဖြစ်စေ၊ စက်ဘီးဖြစ်စေ အသုံးပြုသွားမည်။

(၄) World Health Organization (WHO) ကမ္ဘာ့ကျန်းမာရေး အဖွဲ့ နှင့် ကျန်းမာရေးဝန်ကြီးဌာန မှ ထုတ်ပြန်သည့် (COVID 19) အန္တရာယ် လျော့ချနိုင်မည့် မူဝါဒများ၊ နည်းလမ်းများနှင့် စည်းမျဉ်း စည်းကမ်းများလိုက်နာဆောင်ရွက်ရန် လိုအပ်သည်။

(၅) (COVID 19) နှင့် သက်ဆိုင်သည့် မိမိဒေသအခြေအနေ သတင်းများ၊ လူဂင်လူထွက်များ၏ ထူးခြားဖြစ်စဉ်များ၊ နိုင်ငံ့သတင်းအခြေအနေများအား Online မှ ဖြစ်စေ ၊ တာဂန်သိ-ရှိသူများနှင့် ဖြစ်စေ၊ လက်လှမ်းမှီသမျှ ဖြန့်ဂေ ကူညီဆောင်ရွက်သွားမည်။

(၆) ပအိုဂ်းလူငယ်အစည်းအရုံး၏ အဖွဲ့ဂင်များ အနေဖြင့်လည်း လွန်ခဲ့သော (၁၄) ရက်အတွင်း ဒေသတွင်း ရောဂါကူးစက်ပြန့်ပွားလျက်ရှိသော နေရာများသို့ ခရီးသွားခဲ့ခြင်း (သို့မဟုတ်) COVID-19 ရောဂါဖြစ်ပွားသည်ဟု အတည်ပြုခြင်းခံရသူနှင့်အတူ နေထိုင်ခဲ့ခြင်းတို့ ရှိခဲ့ပါက အစည်းအရုံးသို့ အချိန်မှီ သတင်းပေးပို့မှုများ ပြုလုပ်သင့်သည်။ အထူးသဖြင့် COVID-19 သံသယဖြစ်ဖွယ် ရောဂါလက္ခဏာများဖြစ်သည့် ဖျားခြင်း (အပူချိန် ၃၈ C/ ၁၀၀.၄ F နှင့် အထက်ရှိခြင်း)၊ ချောင်းဆိုးခြင်း၊ အသက်ရှုရခက်ခဲခြင်း၊ အားအင်ကုန်ခမ်းခြင်း တို့ ခံစားရပါက အစည်းအရုံးသို့ မဆိုင်းမတွ သတင်းပေးပို့မှုများ လုပ်ဆောင်ရန် တိုက်တွန်း အပ်ပါသည်။

(၇) ပအိုဂ်းလူငယ်အစည်းအရုံး၏ လုပ်ဖော်ကိုင်ဖက်များ အနေဖြင့် ယခုချိန်ခါတွင် ကျန်းမာရေးကို ဂရုစိုက်ဆင်ခြင်သင့်သည်။ အစည်းအရုံးမှ သာမန်ဖျားနာမှုများအတွက် အခြေခံ ဆေးဂါးကုသထောက်ပံ့မှုများအား အစည်းအရုံး၏ ကျန်းမာရေးဆိုင်ရာ မူဂါဒ နှင့် အညီ တတ်နိုင်သမျှ ပံ့ပိုးကူညီဆောင်ရွက်သွားမည်။

(၈) ပအိုဂ်းလူငယ်အစည်းအရုံး အနေဖြင့် (COVID 19) ကြောင့် လူစုလူဂေးပြုလုပ်ခြင်း၊ ခရီးသွားခြင်းများ နှင့် အခြား (COVID 19) ကူးစက်ပြန့်ပွားစေမှုမှ တတ်နိုင်သလောက်ကာကွယ်နိုင်ရန်အတွက် လုပ်ငန်းများ ယာယီ ရပ်ဆိုင်းထားခြင်းသာဖြစ်သော်လည်း ဖုန်းဖြင့်ဖြစ်စေ၊ အင်တာနက်ဖြင့်ဖြစ်စေ ပုံမှန်ဆက်သွယ်မှုများ ပြုလုပ်မည်။

(၉) (COVID 19) ကပ်ရောဂါ အပေါ်အသုံးချ၍ စီးပွားရေး၊ နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေးများအရ ခွဲခြားခြင်း၊ အမြတ်ထုတ်မှုများ၊ အကျင့်ပျက်ချစားမှုများ မဖြစ်ပေါ်စေရန် နှင့် လူအချင်းချင်း စွပ်စွဲခြင်း၊ ခွဲခြားဖိနှိပ်မှုမပြုပဲ အချိန်နှင့် တစ်ပြေးညီမှန်ကန်သော သတင်း၊ ကောင်းမွန်သော ဝန်ဆောင်မှုများ ပြုလုပ်ရန် လိုအပ်သည်။

(၁၀) အစိုးရ နှင့် ကျန်းမာရေး ဂန်ဆောင်မှုတာဂန်ရှိသူများအနေဖြင့်လည်း မှန်ကန်သော သတင်းအချက်အလက်များ ရရှိနိုင်ရန် ဆောင်ရွက်ပြီး မှန်ကန်သော သတင်းအချက်အလက်များအား ပြည်သူလူထုများအားလုံးထံ ထိရောက်စွာ ပေးပို့ပြီး မူဂါဒ နှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ (COVID 19) အန္တရယ်လျှော့ချရေး၊ ကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်နှင့် မူဂါဒများအတွက် ဘဏ္ဍာငွေ တိုးမြင့်ထောက်ပံ့ခြင်းများအား ထိရောက်မြန်ဆန်စွာ ဆောင်ရွက်စေရန် တိုက်တွန်းအပ်သည်။

(၁၁) အစိုးရ နှင့် ကျန်းမာရေး ဂန်ဆောင်မှုတာဂန်ရှိသူများအနေဖြင့်လည်း အရေးပေါ် အကူအညီ၊ အသက်ကယ်ဆယ်မှုများ လုပ်ဆောင်ရာတွင် ဆေးဂါး နှင့် ကျန်းမာရေး အထောက်အပံ့များအား

မတတ်နိုင်သည့်သူများအတွက် အခမဲ့ လက်လှမ်းမှီစေရန် နှင့် လူမျိုးစုတိုင်းရင်းသားများ၊ ဌာနေတိုင်းရင်းသားများ အားလုံး လက်လှမ်းမှီဆောင်ရွက်နိုင်ရန် တိုက်တွန်းအပ်သည်။

(၁၂) (COVID 19) ကြောင့် စိုးရိမ်မှု လွန်ကဲခြင်း၊ စိတ်ဓါတ်ကျခြင်းမဖြစ်စေပဲ တည်ငြိမ်စွာဖြင့် မှန်ကန်သည့်သတင်း၊ မှန်ကန်သည့်နည်းလမ်းများ နှင့်အတူ အားလုံးပူးပေါင်းဆောင်ရွက်မှုဖြင့် ကြိုတင်ကာကွယ်ခြင်းများ အထူးပြုလုပ်စေခြင်းမှ တဆင့် (COVID 19) ကို တိုက်ဖျက်နိုင်မည်ဟု ကျွန်ုပ်တို့ ယုံကြည်သည်။

ပအိုဝ်းလူငယ်အစည်းအရုံး

ဥက္ကဋ္ဌ

ခွန်ဦး

